# ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှု

## နိဒါန်း

မြန်မာနိုင်ငံတွင် ကော်ဖီကို ၂၀၁၇-၂၀၁၈ ခုနှစ် ရာ/ကောက်နှစ်ချုပ်စာရင်း ပြည်ထောင်စု ချုပ် အရ - ပြည်နယ်နှင့်တိုင်းအလိုက် စိုက်ဧကမှာ ၄၈၅၇၈ တွင် စိုက်ပျိုးကြပြီး ခူးဆွတ်ဧရိယာမှာ ၃၀၆၂၇ ဧက၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၇၃ ပိဿာဝန်းကျင်ရှိပြီး စုစုပေါင်းအထွက် ပိဿာ ၅ ဒသမ ၃၁၈ သန်းခန့်ထွက်ရှိပါသည်။

ကော်ဖီကို နှစ်စဉ် အောက်တိုဘာလမှ စတင်ဆွတ်ခူးပြီး ဖေဖော်ဝါရီ၊ မတ်လဝန်းကျင်မှာတော့ ဆွတ်ခူးချိန်ပြီးဆုံးပါသည်။ မိုးရာသီမှာ စိုက်ပျိုးလေ့ရှိပြီး နွေရာသီမှာ စိုက်ပျိုးမည်ဆိုပါက ရေသွင်း စိုက်ပျိုးကြပါသည်။

## မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအခြေပြဇယား

| စဉ် | ကာလ | စိုက်ဧရိယာ (ဟက်တာ) | ဆွတ်ခူးဧရိယာ (ဟက်တာ) | အထွက်နှုန်း မက်တန်/ဟက်တာ | ထုတ်လုပ်မှု ပမာဏ (တန်) |
|---|---|---|---|---|---|
| ၁။ | ၂၀၁၇-၂၀၁၈ (ယာယီ) | ၁၉၃၉၁ | ၁၁၈၁၈ | ၀.၇၁ | ၈၅၁၁ |
| ၂။ | ၂၀၁၆-၂၀၁၇ | ၂၀၀၁၅ | ၁၂၂၄၄ | ၀.၆၉ | ၈၆၁၁ |
| ၃။ | ၂၀၁၅-၂၀၁၆ | ၁၉၉၁၆ | ၁၁၇၅၂ | ၀.၇၁ | ၈၄၃၁ |
| ၄။ | ၂၀၁၄-၂၀၁၅ | ၂၀၀၀၀ | ၁၂၀၀၀ | ၀.၇၂ | ၈၀၀၀ |
| ၅။ | ၂၀၁၃-၂၀၁၄ | ၂၀၀၀၀ | ၁၂၀၀၀ | ၀.၇၁ | ၈၀၀၀ |

Source: MAS Coffee Section

၂၀၁၃-၂၀၁၄ တွင် ကော်ဖီစိုက် ဟက်တာ ၂၀၀၀၀ ရှိရာမှ ၂၀၁၇-၂၀၁၈ (ယာယီ) တွင် စိုက်ဧရိယာ ၁၉၃၉၁ ဟက်တာ ထိကျဆင်းခဲ့သည်ကိုတွေ့ရသော်လည်း ထုတ်လုပ်မှုပမာဏကို နှိုင်းယှဉ်လျှင် ၂၀၁၃-၂၀၁၄ ခုနှစ်က တန်ချိန် ၈၀၀၀ ထွက်ရှိခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ (ယာယီ) တွင် ၈၅၁၁ တန်ထိ တိုးထွက်ရှိလာရာ ရာခိုင်နှုန်းအားဖြင့် ၆ ရာခိုင်နှုန်းကျော်တိုးလာသည်ကို တွေ့ရသည်။

**ဆွတ်ခူးချိန်ကော်ဖီပေါက်ဈေး**

**(Prices at harvest time)**

၂၀၁၃-၂၀၁၄ မှ ၂၀၁၇-၂၀၁၈ ထိ ၅ နှစ်တာ ကာလအတွက် ဆွတ်ခူးချိန်ကော်ဖီစေ့ ပေါက်ဈေးများမှာ အောက်ပါအတိုင်းဖြစ်သည်။ ၂၀၁၇-၂၀၁၈ ခုနှစ် ကော်ဖီဆွတ်ခူးချိန် မစသေးသဖြင့် ယာယီဈေးနှုန်းသာဖြစ်ပြီး ယမန်နှစ်ထက်လျော့ကျဖွယ်ရှိသည်ဟုသိရသည်။ ကော်ဖီစေ့ တစ်တန် ဈေးနှုန်းမှာ ၂၀၁၃-၂၀၁၄ တွင် ကျပ် ၂၈ သိန်းရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ထိ တဖြည်းဖြည်း မြင့်တက်လာရာ မြင့်တက်မှုရာခိုင်နှုန်း ၄၃ ခန့်ထိရှိသည်ကိုတွေ့ရသည်။

**ရေတွက်ပုံ ကျပ်သိန်း/တန်**

| ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
|---|---|---|---|---|
| ၂၈ | ၃၀ | ၃၅ | ၄၀ | ၄၀ |

Source: MAS Coffee Section

**ကော်ဖီတင်သွင်းမှုအပေါ် အကောက်ခွန် စည်းကြပ်နှုန်းထားများ**

အောက်ပါနှုန်းထားများဖြင့် သွင်းကုန်ခွန်ကောက်ခံလျက်ရှိသည်-

| | 2007 % | 2017% | + |
|---|---|---|---|
| Coffee not roasted, not decaffeinated | 5 | 15 | 10 |
| Arabica WIB or Robusta OB other Decaffeinated | | | |
| Un ground | 10 | 15 | 5 |
| Ground | 10 | 15 | 5 |
| Coffee husk or skin | 15 | 15 | - |
| Coffee substitute containing coffee | 15 | 15 | - |

Source: Custom Tariff 2017

## ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့မှုပမာဏနှင့် တင်ပို့သောနိုင်ငံများ

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ကော်ဖီတင်ပို့မှု တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂ ဒသမ ၀၉၃ သန်းကျော်ဖိုး ရှိပါသည်။ ပမာဏအားဖြင့် ၇၆၂ တန်ကျော်တင်ပို့သည်။ လွန်ခဲ့သော (၅)နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ကော်ဖီတင်ပို့မှုအခြေအနေအား ဖော်ပြအပ်ပါသည်-

### ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ မြန်မာနိုင်ငံမှ ပြည်ပသို့ ကော်ဖီတင်ပို့မှုအခြေအနေ

မြန်မာနိုင်ငံမှ ပြည်ပသို့ကော်ဖီတင်ပို့မှု အခြေပြဇယား

ကန်ဒေါ်လာသန်း

| ဘဏ္ဍာနှစ် | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|
| | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၂၀၁၃-၂၀၁၄ | ၈၅.၂၅၅ | ၀.၁၅၉ | ၁၀၆၈.၀၇၀ | ၁.၃၄၄ | ၁၁၅၃.၃၂၅ | ၁.၅၀၃ |
| ၂၀၁၄-၂၀၁၅ | ၄၀၂.၇၃၅ | ၀.၅၄၀ | ၇၅၄.၆၉၄ | ၀.၉၂၃ | ၁၁၅၇.၄၂၉ | ၁.၄၆၃ |
| ၂၀၁၅-၂၀၁၆ | ၃၁၆.၃၂၄ | ၀.၇၂၅ | ၈၈၃.၅၀၀ | ၀.၉၈၃ | ၁၁၉၉.၈၂၄ | ၁.၇၀၈ |
| ၂၀၁၆-၂၀၁၇ | ၃၉၅.၂၁၅ | ၀.၉၅၄ | ၄၆၅.၀၀၀ | ၀.၄၈၄ | ၈၆၀.၂၁၅ | ၁.၄၃၈ |
| ၂၀၁၇-၂၀၁၈ | ၄၇၇.၂၀၆ | ၁.၈၂၂ | ၂၈၅.၆၂၅ | ၀.၂၇၁ | ၇၆၂.၈၃၁ | ၂.၀၉၃ |

Source:Tradedata.com.local

မြန်မာနိုင်ငံမှ ပြည်ပသို့ ကော်ဖီတင်ပို့မှုကိုTradedata.com.local တွင် လေ့လာသောအခါ ပင်လယ်ရေကြောင်းမှ တင်ပို့မှုသည် နယ်စပ်မှ တင်ပို့မှုထက် လေ့လာသည့် ရှေ့နှစ် ၄ နှစ်တွင် နှစ်စဉ် လျော့နည်းခဲ့သော်လည်း၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တစ်နှစ်တွင်မူ ပင်လယ်ရေကြောင်းမှ တင်ပို့မှုက နယ်စပ်မှ တင်ပို့မှုထက် ပိုမိုတင်ပို့ခဲ့ပါသည်။ ပြည်ပသို့ တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှုသည် နှစ်စဉ် မြင့်တက်လျက်ရှိပြီး နယ်စပ်မှ တင်ပို့မှုကျဆင်းလာလျက်ရှိသည်။

၂၀၁၃-၂၀၁၄ ထက် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြည်ပသို့ ကော်ဖီစေ့ တင်ပို့မှုစုစုပေါင်းမှာ ၆၆ ရာခိုင်နှုန်း(၇၆၂.၈၃၁ x ၁၀၀ / ၁၁၅၃.၃၂၅) ကျဆင်းခဲ့သည်။ ပင်လယ်ရေကြောင်း/လေကြောင်းမှ တင်ပို့မှုသည် ၂၀၁၃-၂၀၁၄ ထက် ၂၀၁၇-၂၀၁၈ တွင် ၅၆၀ ရာခိုင်နှုန်းကျော် (၄၇၇.၂၀၆ x ၁၀၀/၈၅) ပိုမိုခဲ့သော်လည်း နယ်စပ်မှ တင်ပို့မှုမှာမူ ၂၀၁၃-၂၀၁၄ ထက် ၂၀၁၇-၂၀၁၈ တွင် ၂၇ ရာခိုင်နှုန်း (၂၈၅.၆၂၅ x ၁၀၀ / ၁၀၆၈.၀၇၀) ကျဆင်းခဲ့သည်။

ပြည်ပသို့ ပင်လယ်ရေကြောင်း/လေကြောင်းမှ အများဆုံး တင်ပို့သော နိုင်ငံများမှာ စင်ကာပူ၊ မလေးရှား၊ ကနေဒါ၊ ဟောင်ကောင်၊ ဂျပန်၊ ဩစတြေးလျ၊ USA ၊ ထိုင်ဝမ် (တရုတ်) ၊ ကိုရီးယား၊ UK ၊ နယ်သာလင်န်စ်၊ ဘယ်လဂျီယံ၊ Iceland ၊ ယီမင်တို့ဖြစ်ကြပြီး နယ်စပ်မှ တင်ပို့သောနိုင်ငံများမှာ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ မြန်မာနိုင်ငံသို့ ပြည်ပမှ ကော်ဖီတင်သွင်းမှု အခြေအနေ**

**ပြည်ပမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဖျော်၍သုံးသည့် အမှုန့်များ တင်သွင်းမှု အခြေပြဇယား**

**ကန်ဒေါ်လာသန်း**

| ဘဏ္ဍာနှစ် | ပင်လယ်ရေကြောင်း/ လေကြောင်း | နယ်စပ် | စုစုပေါင်း |
|---|---|---|---|
| ၂၀၁၃-၂၀၁၄ | ၈.၈၆၀ | ၀.၀၀၆ | ၈.၈၆၆ |
| ၂၀၁၄-၂၀၁၅ | ၁၄.၄၉၃ | ၀.၀၄၅ | ၁၄.၅၃၈ |
| ၂၀၁၅-၂၀၁၆ | ၄၀.၆၈၅ | ၀.၄၅၄ | ၄၁.၁၃၉ |
| ၂၀၁၆-၂၀၁၇ | ၃၀.၀၂၇ | ၁.၁၆၈ | ၃၁.၁၉၅ |
| ၂၀၁၇-၂၀၁၈ | ၂၈.၅၁၀ | ၁၅.၈၀၁ | ၄၄.၃၁၁ |

Source:Tradedata.com.local

ပြည်ပမှ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် ဖျော်၍သုံးသည့်အမှုန့်များ တင်သွင်းသည့် နိုင်ငံများမှာ ဘရာဇီးလ်၊ Saint Helera, UK, Belize, ဆွီဒင်၊ အီတလီ၊ စပိန်၊ ပိုလန်၊ USA, ဂျာမဏီ၊ နယ်သာလင်န်စ်၊ ဟောင်ကောင်၊ ကိုရီးယား၊ ကင်ညာ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ ဖိလစ်ပိုင်၊ ပြင်သစ်၊ ဂျပန်၊ အိန္ဒိယ၊ Suriname , ဗီယက်နမ်၊ တရုတ်၊ တိုင်ပေတို့ဖြစ်ကြပြီး နယ်စပ်မှမူ ထိုင်းနှင့် တရုတ်တို့မှ တင်သွင်းလျက်ရှိသည်။

## ITC ကုန်သွယ်မှုအချက်အလက်များကို အခြေခံလေ့လာချက်

ITC ကုန်သွယ်မှုအချက်အလက်များကို အခြေခံလေ့လာရာတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ မြန်မာနိုင်ငံမှ ကော်ဖီတင်ပို့သော ထိပ်တန်းနိုင်ငံများမှာ တရုတ်၊ ကိုရီးယား၊ မလေးရှား၊ ထိုင်း၊ ရီမင်၊ UAE ၊ ပါကစ္စတန်၊ တိုင်ပေ (တရုတ်)၊ ဩစတြေးလျနှင့် UK တို့ဖြစ်ကြသည်။ UAE ၊ ရီမင် နှင့် UK တို့ကို ရှေ့ပထမလေးနှစ်တွင် တင်ပို့မှုမရှိဘဲ ၂၀၁၇ ခုနှစ်တွင်မှ တင်ပို့ထားသည်ကို တွေ့ရသည်။ အဆိုပါ နိုင်ငံများမှာ ပမာဏအားဖြင့် တင်ပို့မှုတွင် ထိပ်တန်း၌ ရှိခဲ့ကြသည်။ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ထိုင်း၊ ဩစတြေးလျ၊ တိုင်ပေ (တရုတ်)၊ UK ၊ ဂျပန်၊ နယူးဇီလန်၊ UAE တို့ အစဉ်လိုက်အားဖြင့်ရှိကြသည်။ UK ၊ နယူးဇီးလန်နှင့် UAE တို့ကို ၂၀၁၇ နှစ်ကမှ စတင် တင်ပို့ထားသည်ဟု ဖော်ပြထားသည်။

**List of importing markets for a product exported by Myanmar**

Product: 090111 Coffee (excluding roasted and decaffeinated)

| Importers | 2013 | 2014 | 2015 | 2016 | 2017 |
|---|---|---|---|---|---|
| | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons |
| World | 128 | 762 | 529 | 668 | 588 |
| China | 102 | 576 | 306 | 279 | 294 |
| Korea, Republic of | 6 | 41 | 29 | 77 | 93 |
| Malaysia | 9 | 24 | 41 | 18 | 62 |
| Thailand | 1 | 47 | 6 | 13 | 60 |
| Yemen | | | | | 20 |
| United Arab Emirates | | | | | 18 |
| Pakistan | | | 5 | | 12 |
| Taipei, Chinese | | 3 | 8 | 39 | 11 |
| Australia | | | 1 | 2 | 5 |
| United Kingdom | | | | | 5 |

Source : ITC TradeMap

**List of importing markets for a product exported by Myanmar**

Product: 090111 Coffee (excluding roasted and decaffeinated)

Unit : US Dollar thousand

| Importers | Exported value in 2013 | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 |
|---|---|---|---|---|---|
| World | 501 | 2172 | 1763 | 1405 | 1039 |
| Korea, Republic of | 22 | 118 | 98 | 191 | 300 |
| China | 401 | 1643 | 1020 | 422 | 268 |
| Malaysia | 34 | 70 | 136 | 33 | 144 |
| Thailand | 3 | 134 | 19 | 28 | 141 |
| Australia | 0 | 0 | 4 | 7 | 33 |
| Taipei, Chinese | 0 | 8 | 26 | 76 | 29 |
| United Kingdom | 0 | 0 | 0 | 0 | 28 |
| Japan | 40 | 0 | 203 | 192 | 27 |
| New Zealand | 0 | 0 | 0 | 0 | 17 |
| UAE | 0 | 0 | 0 | 0 | 13 |

Source : ITC TradeMap

## ကမ္ဘာ့ကော်ဖီဈေးကွက်သို့ ကော်ဖီတင်ပို့နေသောနိုင်ငံများ

**List of exporters for the selected product**

**Product: 090111 Coffee (excluding roasted and decaffeinated)**

| Exporters | 2013 | 2014 | 2015 | 2016 | 2017 |
|---|---|---|---|---|---|
| | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons | Exported quantity, Tons |
| World | 6905310 | 7581528 | 7324746 | 7328529 | 7167013 |
| Brazil | 1699145 | 1986500 | 2005028 | 1823881 | 1647706 |
| Viet Nam | 1253982 | 1631756 | 1259448 | 1679153 | 1398476 |
| Colombia | 542820 | 617959 | 711110 | 732967 | 710440 |
| Indonesia | 532140 | 382750 | 499613 | 412370 | 464161 |
| Honduras | 264002 | 241943 | 285223 | 309923 | 430743 |
| Uganda | 230247 | 211515 | 219043 | 210584 | 286998 |
| India | 227668 | 196013 | 209417 | 250388 | 262612 |
| Ethiopia | 173014 | 196182 | 198293 | 195324 | 247082 |
| Peru | 238645 | 185138 | 183749 | 240957 | 245735 |
| Belgium | 120069 | 159512 | 188834 | 186727 | 211125 |
| Myanmar | 128 | 762 | 529 | 668 | 588 |

Source : ITC TradeMap

**List of exporters for the selected product**

Product: 090111 Coffee (excluding roasted and decaffeinated)

Unit : US Dollar thousand

| Exporters | Exported value in 2013 | Exported value in 2014 | Exported value in 2015 | Exported value in 2016 | Exported value in 2017 |
|---|---|---|---|---|---|
| World | 17857875 | 20681713 | 19523257 | 19097013 | 20654854 |
| Brazil | 4582227 | 6041067 | 5555374 | 4842977 | 4600238 |
| Viet Nam | 2513198 | 3267706 | 2341585 | 2967118 | 3146796 |
| Colombia | 1883906 | 2473248 | 2526532 | 2417692 | 2513780 |
| Honduras | 835208 | 782762 | 931667 | 858424 | 1290077 |
| Indonesia | 1166189 | 1030716 | 1189551 | 1000620 | 1175547 |
| Ethiopia | 606189 | 784030 | 774916 | 724824 | 936893 |
| Guatemala | 714969 | 667233 | 663037 | 650317 | 747968 |
| Peru | 698758 | 747838 | 608761 | 761022 | 708822 |
| Belgium | 369132 | 505183 | 602396 | 518265 | 659589 |
| India | 562895 | 534476 | 535435 | 546136 | 636192 |
| Myanmar | 501 | 2172 | 1763 | 1405 | 1039 |

Source : ITC TradeMap

ကမ္ဘာ့ကော်ဖီဈေးကွက်သို့ ကော်ဖီတင်ပို့နေသော ထိပ်တန်းနိုင်ငံများမှာ ပမာဏအားဖြင့် တင်ပို့မှုတွင် ဘရာဇီးလ်၊ ဗီယက်နမ်၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ ဟွန်ဒူရပ်စ်၊ ယူဂန်ဒါ၊ အိန္ဒိယ၊ အီသီယိုးပီးယား၊ ပီရူး၊ ဘယ်လဂျီယံတို့ဖြစ်ကြသည်။ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် ထိပ်ဆုံး ၃ နိုင်ငံ အဆင့်မပြောင်းသော်လည်း ဟွန်ဒူးရပ်စ်နှင့် အင်ဒိုနီးရှားအဆင့်ပြောင်းခြင်း၊ ယူဂန်ဒါမပါတော့ဘဲ ဂွါတီမာလားပါဝင်ခြင်းတွေ့ရသည်။ကမ္ဘာ့ဈေးကွက်သို့ ကော်ဖီတင်ပို့သော နိုင်ငံ ၁၈၁ နိုင်ငံရှိပြီး မြန်မာနိုင်ငံက တန်ချိန်အားဖြင့် တင်ပို့မှုတွင် အဆင့် ၆၃ နှင့် တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၇၉ ၌ ရှိနေပါသည်။

## ကမ္ဘာတွင် ကော်ဖီအများဆုံးတင်သွင်းနေသော ထိပ်တန်းနိုင်ငံများ

**List of importers for the selected product**

Product: 090111 Coffee (excluding roasted and decaffeinated)

| Importers | 2013 | 2014 | 2015 | 2016 | 2017 |
|---|---|---|---|---|---|
| | Imported quantity, Tons | Imported quantity, Tons | Imported quantity Tons | Imported quantity, Tons | Imported quantity, Tons |
| World | 6506885 | 6556359 | 6701990 | 7064675 | 6892264 |
| United States of America | 1313193 | 1346278 | 1357382 | 1426252 | 1430383 |
| Germany | 1056980 | 1082045 | 1032375 | 1119348 | 1040752 |
| Italy | 495296 | 526949 | 527894 | 571965 | 563258 |
| Japan | 455983 | 407352 | 433235 | 432592 | 403954 |
| Belgium | 294441 | 255083 | 275608 | 284997 | 271955 |
| Spain | 253865 | 260237 | 258807 | 262965 | 250340 |
| France | 247524 | 227189 | 212724 | 207664 | 201785 |
| Canada | 149604 | 166031 | 166547 | 180877 | 199575 |
| Netherlands | 74673 | 148845 | 153918 | 159497 | 186340 |
| Russian Federation | 125983 | 135476 | 137548 | 150911 | 165340 |
| Myanmar | 0 | 7 | 184 | 300 | 135 |

Source : ITC TradeMap

မိမိတို့ ကော်ဖီကို လက်ရှိတွင် တင်ပို့သော နိုင်ငံများတွင် ကမ္ဘာ့အများဆုံး ဝယ်ယူလျက်ရှိသော ကနေဒါ၊ ဂျပန်၊ USA ၊ နယ်သာလင်န်စ်၊ ဘယ်လဂျီယံ နိုင်ငံများပါဝင်လျက်ရှိသည်။ သို့ပါ၍ မိမိတို့ ပို့ကုန်များကို ဈေးကွက်အခြေအနေကိုကြည့်၍ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီအောင်၊ အရည်အသွေး ကောင်းမွန်အောင် ကြိုးစားပြုလုပ်ကြပြီး လက်ရှိဈေးကွက်သို့ တိုးမြှင့် တင်ပို့နိုင်အောင် လုပ်ဆောင်နိုင်မည်ဆိုလျှင်ပင် အသစ်ထွက်ရှိမည့် ကော်ဖီအတွက် ဈေးကွက် ထပ်ရှာရန် မလိုဟုမြင်မိပါသည်။ အရည်အသွေးမြှင့်၊ တန်ဖိုးမြင့် စားသောက်ကုန်များကို စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး လည်းစဉ်းစားသင့်ပါသည်။

ကမ္ဘာ့ကော်ဖီဈေးကွက်သို့ ကော်ဖီတင်သွင်းနေသော ထိပ်တန်းနိုင်ငံများမှာ အမေရိကန်၊ ဂျာမဏီ၊ အီတလီ၊ ဂျပန်၊ ဘယ်လဂျီယံ၊ စပိန်၊ ပြင်သစ်၊ ကနေဒါ၊ နယ်သာလင်န်၊ ရုရှားဖယ်ဒရေးရှင်းတို့ ဖြစ်ကြသည်။ ယခုဖော်ပြထားသော နိုင်ငံများသည် ပမာဏအားဖြင့် အများဆုံးတင်သွင်းနေသော နိုင်ငံများဖြစ်ကြသည်။

**List of importers for the selected product**

Product: 090111 Coffee (excluding roasted and decaffeinated)

Unit : US Dollar thousand

| Importers | Imported value in 2013 | Imported value in 2014 | Imported value in 2015 | Imported value in 2016 | Imported value in 2017 |
|---|---|---|---|---|---|
| World | 19334287 | 20600255 | 20476461 | 19377474 | 20840292 |
| United States of America | 4362119 | 4888415 | 4826276 | 4576023 | 4910264 |
| Germany | 2897737 | 3214015 | 2766876 | 2715408 | 2807312 |
| Italy | 1413123 | 1447211 | 1546180 | 1421692 | 1538363 |
| Japan | 1479057 | 1332057 | 1476537 | 1307530 | 1319037 |
| Belgium | 894676 | 790239 | 845355 | 743367 | 812468 |
| Canada | 512726 | 645436 | 624780 | 623385 | 707999 |
| Spain | 653158 | 695515 | 654580 | 615749 | 680081 |
| France | 696219 | 687438 | 619596 | 533615 | 588660 |
| Switzerland | 540125 | 577592 | 633715 | 534203 | 585535 |
| Netherlands | 236102 | 486013 | 464560 | 435100 | 556076 |
| Myanmar | 0 | 20 | 638 | 749 | 331 |

Source : ITC TradeMap

တန်ဖိုးအားဖြင့် တင်သွင်းမှုတွင်လည်း ပမာဏအားဖြင့် တင်သွင်းသည့် နိုင်ငံများနှင့်ကွာခြားမှုမရှိသော်လည်း ကနေဒါ၊ စပိန်၊ ပြင်သစ်တို့သာ အဆင့်ပြောင်းလဲမှုရှိပြီး ရုရှားဖက်ဒရေးရှင်း Top -10 စာရင်းမပါတော့ဘဲ ဆွစ်ဇာလန်ပါဝင်လာခဲ့သည်ကို တွေ့ရသည်။ ကမ္ဘာ့ဈေးကွက်တွင် ကော်ဖီတင်သွင်းသောနိုင်ငံ ၂၂၃ နိုင်ငံရှိပြီး မြန်မာနိုင်ငံက တန်ချိန်အားဖြင့် တင်ပို့မှုတွင် အဆင့် ၁၀၇ ဒွရှိပြီး တန်ဖိုးအားဖြင့် တင်ပို့မှုတွင် အဆင့် ၁၁၀ တွင်ရှိနေပါသည်။

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
## ၂၀၁၇-၂၀၁၈ ခုနှစ်၊ ရာ/ကောက် နှစ်ချုပ်စာရင်း-၅
## ပြည်ထောင်စုချုပ်

သီးနှံအမည် - ကော်ဖီ

ရေတွက်ပုံ - ပိဿာ

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ဧရိယာ (ဧက) | ရိတ်သိမ်းဧရိယာ (ဧက) | အထွက်နှုန်း | အထွက် |
|---|---|---|---|---|---|
| ၁။ | နေပြည်တော်ကောင်စီနယ်မြေ | ၃၉၆ | ၃၉၆ | ၁၁၂.၀၀ | ၄၄၃၅၂ |
| ၂။ | ကချင်ပြည်နယ် | ၁၆၈၀ | ၁၄၉၀ | ၁၃၅.၅၁ | ၂၀၁၉၀၇ |
| ၃။ | ကယားပြည်နယ် | ၇၃၆ | ၅၈၃ | ၁၃၄.၁၉ | ၇၈၁၇၂ |
| ၄။ | ကရင်ပြည်နယ် | ၉၈၆၇ | ၇၀၈၃ | ၁၇၂.၂၁ | ၁၂၁၉၇၆၃ |
| ၅။ | ချင်းပြည်နယ် | ၅၆၈ | ၅၀၈ | ၁၁၃.၅၅ | ၅၇၆၈၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၈၆ | ၅၃၄ | ၁၉၇.၀၄ | ၁၀၅၂၁၉ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ၂၇၉ | ၅၉ | ၁၄၂.၅၆ | ၈၄၁၁ |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၁၁၁ | ၆၅ | ၁၅၁.၄၃ | ၉၈၄၃ |
| ၉။ | မကွေးတိုင်းဒေသကြီး | ၉၈၇ | ၃၀၃ | ၄၂.၂၁ | ၁၂၇၉၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၅၈၃၂ | ၂၃၈၂ | ၁၄၀.၃၉ | ၃၃၆၇၉၄ |
| ၁၁။ | မွန်ပြည်နယ် | | | | |
| ၁၂။ | ရခိုင်ပြည်နယ် | | | | |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | | | | |
| ၁၄။ | ရှမ်းပြည်နယ် | ၂၇၅၃၆ | ၁၇၂၂၄ | ၁၈၈.၂၇ | ၃၂၄၂၇၉၀ |
| | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၀၆၉၁ | ၇၀၉၀ | ၁၃၆.၃၈ | ၉၆၆၉၃၇ |
| | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၁၄၈၃၉ | ၉၆၇၁ | ၂၂၉.၁၂ | ၂၂၁၅၈၅၁ |
| | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၁၀၆ | ၄၆၃ | ၁၂၉.၅၉ | ၆၀၀၀၂ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | | | | |
| | ပြည်ထောင်စုချုပ် | ၄၈၅၇၈ | ၃၀၆၂၇ | ၁၇၃.၆၃ | ၅၃၀၇၇၂၄ |